Mrs. Deirdre P. Pierce ၊ ဘုတ်အဖွဲ့ ဥက္ကဋ္ဌ
Ms. Allyson Gevertz ၊ ဒုဥက္ကဋ္ဌ
Mr. Andrew B. Ziffer
Mrs. Whitney McGinniss
Dr. Tiffany Tate-Hogan
Mr. Diijon DaCosta, Sr.
Mr. Awet Eyasu

Dr. Devon Q. Horton ၊ *ကြီးကြပ်သူဌာနမှူး*

**လက်တလော သတင်းထုတ်ပြန်ချက်**

ဧပြီလ 1 ရက်၊ 2025

**ဆက်သွယ်ရန် -**


| | |
|---|---|
| Donald Porter, *Ed.D*။ | 678-481-4110 |
| Carla Parker | 404-734-1717 |


## 2025 အတန်း၏ Georgia ပညာသင်စကော်လာများအဖြစ် ချီးကျူးဂုဏ်ပြုခံခဲ့ရသည့် DCSD စီနီယာ 18 ဦး

(STONE MOUNTAIN, GA) – DeKalb ကောင်တီကျောင်းခရိုင် (*DCSD*) အနေနှင့် ဂုဏ်ယူစွာဖြင့် ထုတ်ပြန်ကြေငြာအပ်သည်မှာ DCSD စီနီယာကျောင်းသား 18 ဦးသည် 2025 အတန်း၏ Georgia ပညာသင်စကော်လာများအဖြစ် ဂုဏ်ပြုချီးမြှင့်ခံခဲ့ရပေသည်။ Georgia ပညာရေးဌာန (*GaDOE*) သည် ပြည်နယ်တစ်ဝှမ်း ဂုဏ်ပြုခံရသူ 145 ဦး ရှိသည့်အကြားမှ ဤတမူထူးချွန်သော ကျောင်းသားများအား အသိအမှတ်ပြုထားသည့် အဆိုပါစာရင်းအား ယနေ့တွင် ထုတ်ပြန်ခဲ့သည်။ ဤဂုဏ်ယူဖွယ်သော ထူးချွန်မှုအတွက်ဂှာ Georgia ပညာသင်စကော်လာ တစ်ဦးစီသည် ၎င်းတို့၏ ဒီပလိုမာအတွက် အထူးတံဆိပ်တစ်ခုနှင့်အတူ အထိမ်းအမှတ်အနေဖြင့် ဂုဏ်ပြုသော ဘွဲ့စလွယ်ကြိုးအား လက်ခံရရှိကြမည် ဖြစ်သည်။

"ကျွန်ုပ်တို့ရဲ့ ကျောင်းသားတွေ ဒီလိုမျိုး ပြည်နယ်အဆင့်မှာ ထွန်းလင်းတောက်ပနေတာကို တွေ့ မြင်ရတာ တကယ်ကို စိတ်လှုပ်ရှား၊ ကြည်နူးမိပါတယ်၊" ဟု DCSD ကြီးကြပ်သူဌာနမှူးဖြစ်သူ Dr. Devon Q. Horton မှ ပြောကြားခဲ့သည်။ "ဒီလူငယ်ခေါင်းဆောင် 18 ဦးဟာဆိုရင် အသိအမှတ်ပြုဖွယ်ကောင်းလောက်တဲ့ ပညာရေး အရည်အချင်းတွေ၊ သူတို့ရဲ့ ရပ်ရွာအဖွဲ့အစည်းအတွက် နစ်မြှုပ်အားထုတ်ဆောင်ရွက်မှုတွေ၊ ဒါ့အပြင် သူတို့ရဲ့ အထက်တန်းကျောင်း ခရီးစဉ်တစ်လျှောက်မှာလည်း စံဥပမာယူရလောက်တဲ့ စရိုက်လက္ခဏာတွေကို ပြသနိုင်ခဲ့သူတွေ ဖြစ်ပါတယ်။ သူတို့တွေဟာ DeKalb ကောင်တီရဲ့ အကောင်းဆုံးသောအရာတွေကို ပိုင်ဆိုင်ထားကြပြီး၊ သူတို့ရဲ့ အနာဂါတ်မှာ ဘယ်လိုမျိုး အံ့သြဖွယ်ကောင်းလောက်တဲ့ အောင်မြင်မှုတွေ ရယူနိုင်မလဲဆိုတာ မျက်မြင်တွေ့ ရှိရဖို့ မျှော်လင့်နေမိပါတယ်။"

Georgia Scholar (ပညာသင်စကော်လာ) အစီအစဉ်သည် ပညာရေးပိုင်းတွင် ထူးချွန်ပြီး၊ မိမိတို့ ရပ်ရွာအဖွဲ့အစည်းများအတွက် သိသာသော ထည့်ဝင်ပါဝင်ဆောင်ရွက်မှုများကို ပြုလုပ်ခဲ့သည့် အထက်တန်း စီနီယာကျောင်းသားများအား ရှာဖွေဖော်ထုတ်၊ ဂုဏ်ပြုသည့် အစီအစဉ် ဖြစ်သည်။ ဤကျောင်းသားများသည် တင်းကြပ်သော သင်ရိုး တာဝန်များကို ပြီးမြောက်ဆောင်ရွက်ခဲ့ကြပြီး၊ ဘာသာရပ်များ အားလုံးတွင် အမြင့်ဆုံးသော အဆင့်ကို စွမ်းဆောင်ရယူနိုင်ခဲ့ကြသည်၊ ပညာရေးနှင့်စပ်ဆက်သော ပွဲအစီအစဉ်များတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည်၊ ထို့ပြင် သင်ရိုးညွှန်းတမ်းပြင်ပ လှုပ်ရှားဆောင်ရွက်မှုများတွင်လည်း ခေါင်းဆောင်များအဖြစ် တာဝန်ထမ်းဆောင်ခဲ့ကြသည်။ ဒေသခံ ခရိုင်များနှင့် စာသင်ကျောင်းများတို့နှင့်အတူ လက်တွဲဆောင်ရွက်လျက်ရှိသည့် GaDOE သည် ပညာရေးပိုင်း ထူးချွန်မှုနှင့် ဝန်ဆောင်မှုတို့တွင် စိတ်အားထက်သန်သော စိတ်ဝိညာဉ်ကို ပိုင်ဆိုင်ထားကြသည့် ကျောင်းသားများအား အထူးဂုဏ်ပြုသည့်အနေနှင့်ဂှာ နှစ်စဉ် ဤအစီအစဉ်အား စီစဉ်ဆောင်ရွက်လျက် ရှိသည်။

| | | | | | |
|---|---|---|---|---|---|
| Chamblee High School | Ryan | Joshi | Dunwoody High School | Raquel | Espinoza Ramirez |
| Chamblee High School | Temple | Lester | Dunwoody High School | Brady | McGee |
| Chamblee High School | Rishan | Muthugomu | Dunwoody High School | Artemis | Misewicz |
| Chamblee High School | Elena | Smith | Dunwoody High School | Mariana | Roque Queiroz |
| Cross Keys High School | Hector | Zilli | Lakeside High School | Cole | Jones |
| DeKalb School of the Arts | Harper | May | Lakeside High School | Anna | Katz |
| DeKalb School of the Arts | Sophia | Ocfemia | Miller Grove High School | Meti | Kejela |
| DeKalb School of the Arts | Lauren | Williams | Miller Grove High School | Swayam | Rathod |
| Dunwoody High School | Clara | Cann | Tucker High School | Reebecca | Larkin |

2025 Georgia ပညာသင်စကော်လာများ၏ ပြီးပြည့်စုံသော စာရင်းအား ဤတွင် ကြည့်ရှုပါ။ Georgia Scholar (ပညာသင်စကော်လာ) အစီအစဉ်နှင့်ပတ်သက်သည့် နောက်ထပ်သော အချက်အလက်များအား ဤတွင် ကြည့်ရှုပါ။

XXX

Robert R. Freeman စီမံအုပ်ချုပ်မှု ကွန်းပလက်စ်
1701 Mountain Industrial Blvd. | Stone Mountain၊ GA 30083
678.676.1200 | www.dekalbschoolsga.org